## ပင်လောင်းမြို့နယ်၊နမ်းနိန်းရွာဘုန်းကြီးကျောင်းပုရဝုဏ်အတွင်း ရဟန်းရှင်လူပအိုဝ်းပြည်သူများအား အကြမ်းဖက်စစ်အုပ်စုမှအစုလိုက်အပြုံလိုက် ရက်ရက်စက်စက်သတ်ဖြတ်ခဲ့မှုအပေါ် နိုင်ငံတကာပအိုဝ်းအင်အားစုများမှ ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုတ်ချကြောင်းထုတ်ပြန်ကြေညာချက်

**၁။** ပင်လောင်းမြို့နယ်၊ ဆောင်းပြောင်းဒေသ၊ နမ်းနိန်းရွာဘုန်းကြီးကျောင်းအတွင်းတွင် ထိတ်လန့်ကြောက်ရွံ့စွာ ပုန်းအောင်းခိုလှုံနေကြသော ကျောင်းထိုင်ဆရာတော်အပါအဝင် သံဃာတော်(၃)ပါး၊ အမျိုးသမီး(၁)ဦးနှင့်အမျိုးသား(၁၈)ဦးစုစုပေါင်းလက်နက်မဲ့ဒေသခံပအိုဝ်းပြည်သူ(၂၂)ဦးအား ပုန်းအောင်းနေရာမှခေါ်ထုတ် ဖမ်းဆီးပြီး အကြမ်းဖက်စစ်ကောင်စီတပ်များက ကျောင်းနံ့ရံနောက်ခံထား၍ ရက်စက်ကြမ်းကြုတ်စွာအစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သည်။ အထက်ပါဖြစ်စဉ်နှင့်ပတ်သက်၍ ၂၀၂၃ခုနှစ် မတ်လ၁၆ရက်နေ့တွင်ကျင်းပပြုလုပ် သော New York Times အပါအဝင်ပြည်တွင်းပြည်ပသတင်းဌာနများမှ တက်ရောက်ခဲ့ကြသည့် သတင်းစာရှင်း လင်းပွဲတွင် သက်ဆိုင်ရာဌာနအသီးသီး၊ ပုဂ္ဂိုလ်အသီးသီးကသက်သေအထောက်အထားများဖြင့် စနစ်တကျတင်ပြမှုများအရလည်းကောင်း၊ ပအိုဝ်းပြည်သူများကိုသာကျူးလွန်ခဲ့သည်မဟုတ်ပဲ ကရင်နီပြည်သူများအား အစုလိုက်အပြုံလိုက်မီးရှို့သတ်ဖြတ်ခဲ့ခြင်း၊ အနန့်ပါပွဲခင်းရှိကချင်ပြည်သူများ၊ စစ်ကိုင်းတိုင်းလက်ယက်ကုန်းစာသင်ကျောင်းရှိကလေးသူငယ်များ၊ ချင်းပြည်နယ်ရှိ အရပ်ဘက်လူနေအိမ်များ နှင့် ကရင်ပြည်နယ်ကော့က ရိတ်ဒေသရှိ ပြည်သူများအား လေကြောင်းမှဗုံးကြဲသတ်ဖြတ်မှုများအပါအဝင် တစ်နိုင်ငံလုံးတွင်စစ်အုပ်စု၏ တပ်ဖွဲ့များကပုံစံတူကျူးလွန်နေမှုများအရလည်းကောင်း၊ ထိုဖြစ်စဉ်ဖြစ်ရပ်များနှင့်နမ်းနိမ်းရွာ ဖြစ်စဉ်အပေါ် အခြေခံ၍ ကုလသမဂ္ဂအထွေထွေညီလာခံတွင် ဗြိတိန်နိုင်ငံ (UK) ထုတ်ပြန်ကြေညာချက်အရလည်းကောင်း စစ်အုပ်စု၏တပ်ရင်းတပ်ဖွဲ့များသည်“**လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှု**”နှင့်အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့မှုကြောင့် **“စစ်ရာဇဝတ်မှု”** မြောက်ကြောင်းတွေ့ရှိခဲ့ရသည်။ ထို့အပြင် **ပအိုဝ်းပြည်သူများနှင့်ကရင်နီပြည်သူများအကြား** အမုန်းတရားကြီးထွားလာစေရန် လုပ်ကြံဖန်တီးပြီး **“လူမျိုးရေးပဋိပက္ခနှင့် ဘာသာရေးပဋိပက္ခများ”** ဖြစ်ပွားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် သွေးထိုးလှုံ့ဆော်သပ်လျှိုဖြို့ခွဲနေသော အကြမ်းဖက်စစ်အုပ်စု၏လုပ်ရပ်များအား နိုင်ငံတကာပအိုဝ်းအင်အားစုများက ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုတ်ချ လိုက်သည်။

၂။ အထက်ပါဖြစ်ရပ်များနှင့်ပတ်သက်၍ ၂၀၂၃ခုနှစ် မတ်လ၁၄ရက်နေ့တွင်ထုတ်ပြန်ခဲ့သော ပအိုဝ်းအမျိုးသားဖက်ဒရယ်ကောင်စီ - PNFC ၏ ထုတ်ပြန်ကြေညာချက်အားလည်းကောင်း၊ ၂၀၂၃ခုနှစ် မတ်လ၁၆ရက်နေ့တွင် ကျင်းပပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင်ထုတ်ပြန်ကြေညာခဲ့သော အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ (KSCC) နှင့် ပအိုဝ်းအမျိုးသားဖက်ဒရယ်ကောင်စီ (PNFC) တို့၏ပူးတွဲထုတ်ပြန်ကြေညာချက်အားလည်းကောင်း နိုင်ငံတကာပအိုဝ်းအင်အားစုများမှ အပြည့်အဝကြိုဆိုထောက်ခံ သည်။

၃။ ယနေ့အချိန်အခါတွင် စစ်အုပ်စုနှင့်အပေါင်းအပါများက စစ်အာဏာရှင်စနစ်ဆိုးသက်ဆိုးရှည်စေရေး အတွက် ပအိုဝ်းပြည်သူများအား **“လူသားဒိုင်းများ”** နှင့် **“လက်ကိုင်တုတ်များ”**အဖြစ်အသုံးချပြီး ပအိုဝ်းအချင်းချင်းကြားတွင်လည်းကောင်း၊ ပအိုဝ်းနှင့်ကရင်နီအပါအဝင်အခြား ညီနောင်တိုင်းရင်းသားများအကြားတွင်လည်းကောင်း ပဋိပက္ခများကိုနည်းမျိုးစုံဖြင့် ဖန်တီးရန်တိုက်ပေး၍ ၎င်းတို့၏ကိုယ်ကျိုးစီးပွားများကိုကာကွယ်နေသောကြောင့် “**စစ်အာဏာရှင်များ၏အသုံးချခံနေရခြင်းမှ သတိကြီးစွာထား၍ ရှောင်ရှားရှန်းထွက်ကြပါရန်**” ပအိုဝ်းပြည်သူ များအား အလေးအနက်တိုက်တွန်း ပန်ကြားအပ်ပါသည်။ ထပ်မံ၍ ပအိုဝ်းမိဘပြည်သူများနှင့်ကရင်နီမိဘပြည် သူများအား

နိုင်ငံတကာပအိုဝ်းအင်အားစုမှ အထူးအလေးအနက်ထားတင်ပြလိုသည်မှာ ယနေ့ဖြစ်နေသော ပဋိပက္ခများသည် လူမျိုးရေး၊ ဘာသာရေးပဋိပက္ခများမဟုတ်ကြသည့်အပြင် နယ်မြေချင်းပဋိပက္ခများလည်း မဟုတ်ကြပါ။ အကြမ်းဖက်စစ်အုပ်စုကမိမိတို့ဆွေမျိုးသားချင်းမိသားစုများအတွင်း သွေးခွဲသပ်လျှိုရန်တိုက်မှု များသာဖြစ်ပါသည်။ သို့ဖြစ်ပါ၍စစ်ကောင်စီနှင့်အပေါင်းအပါများ၏ သွေးထိုးလှုံ့ဆော်လိမ်ညာ ဝါဒဖြန့်မှုများ ကိုအထူးသတိထား ရှောင်ရှားကြပါရန် တိုက်တွန်းပန်ကြားအပ်ပါသည်။

၄။ ကရင်၊ ကရင်နီနှင့် ပအိုဝ်းတို့သည်သမိုင်းကြောင်းအရ သွေးရင်းသားရင်းမောင်နှမရင်းများအဖြစ် အပြန်အလှန်ခံယူယုံကြည်ကြသကဲ့သို့ပင် အမျိုးသားလွတ်မြောက်မှုတော်လှန်ရေးတွင် သွေးသောက်ညီကို မောင်နှမများလည်း ဖြစ်ကြပါသည်။ စစ်အာဏာရှင်စနစ်နှင့်မဟာလူမျိုးကြီးဝါဒကို အတူတကွတော်လှန်တိုက်ပွဲဝင်ခဲ့ကြသူများလည်း ဖြစ်ကြပါသည်။

၅။ သို့ဖြစ်ပါ၍ အကြမ်းဖက်စစ်အုပ်စုမှ ပအိုဝ်းဒေသအပါအဝင် ကရင်နီပြည်နှင့်မြန်မာနိုင်ငံတစ်ဝှမ်းတွင်း ကျူးလွန်နေသောလူ့အခွင့်အရေးချိုးဖောက်မှုများ၊ လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သောစစ်ရာဇဝတ်မှုများနှင့်စပ်လျဉ်း၍ တရားမျှတမှုရရှိသည်အထိ အခြားသောဘဝတူညီနောင်ပြည်ထောင်စုသွေးချင်းများနှင့်အတူ မိမိတို့နိုင်ငံတကာပအိုဝ်းအင်အားစုများမှ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အလေးအနက်ဖော်ပြ လျက် ဤကြေညာချက်ကို ထုတ်ပြန်အပ်ပါသည်။

ထုတ်ပြန်ချက်တွင်ပူးပေါင်းပါဝင်သည့်အဖွဲ့အစည်းများ

၁။ နွေဦးတော်လှန်ရေးပအိုဝ်းလူငယ်အင်အားစု(ထိုင်း)

၂။ နွေဦးတော်လှန်ရေးပအိုဝ်းလူငယ်အင်အားစု(မလေးရှား)

၃။ နွေဦးတော်လှန်ရေးပအိုဝ်းလူငယ်အင်အားစု(စင်ကာပူ)

၄။ နွေဦးတော်လှန်ရေးပအိုဝ်းလူငယ်အင်အားစု(တောင်ကိုးရီးယား)

၅။ နွေဦးတော်လှန်ရေးပအိုဝ်းလူငယ်အင်အားစု(ဂျပန်)

၆။ နွေဦးတော်လှန်ရေးပအိုဝ်းလူငယ်အင်အားစု(ဩစတေးလျား)

၇။ နွေဦးတော်လှန်ရေးပအိုဝ်းလူငယ် CDM နှင့် သပိတ်အင်အားစု

၈။ Pa-O Lawyers Network

၉။ Pa-O Engineering Youth Association

ကောဇာသက္ကရာဇ် - ၁၃၈၄ခုနှစ်၊ နှောင်းတခူး လဆန်း ( ၄ )ရက်

ခရစ်သက္ကရာဇ် - ၂၀၂၃ခုနှစ်၊ မတ်လ ( ၂၄ ) ရက်

**ဆက်သွယ်ရန် :**

နိုင်ငံတကာပအိုဝ်းအင်အားစု Facebook Page

https://www.facebook.com/GlobalPaOFamily

နိုင်ငံတကာပအိုဝ်းအင်အားစု Telegram နံပါတ်

Telegram QR Code

@GLOBAL_PAO